# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 4, 2020 Volume 32, Number 4


## တောင်သူများ သီးနှံရောင်းချနိုင်ရန် သမဝါယမအသင်းကူညီမည်



COVID–19 ကာလအတွင်း တောင်သူများ ပြည်တွင်းဈေးကွက်၌ သီးနှံပို့ဆောင်ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ လျှော့ချနိုင်ရန် ကူညီသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ကဆိုသည်။ သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး ပြည်နယ်သမဝါယမအသင်းစုချုပ်များညှိနှိုင်းပြီး ပို့ဆောင်ဖြန့်ဖြူးရောင်းချရေး အစီအစဉ်များတွင် ကူညီသွားမည်ဟုဆိုသည်။ '' အရင်က တောင်သူတွေ သီးနှံဖြန့်ဖြူးရောင်းချရာမှာ အဆင်ပြေကြပါတယ် ။ အခုက ကိုဗစ်ကြောင့် သယ်ယူပို့ဆောင်ရေး အဆင်မပြေသလို ကုန်သည်တွေကလည်း သီးနှံတွေကို ဝယ်ယူမှုမရှိဘူးဖြစ်နေပါတယ် '' ဟု ဦးမျိုးအောင်ကဆိုသည်။

သမဝါယမ အသင်းအနေဖြင့် တောင်သူများရောင်းချမည့် ဈေးနှုန်းများဖြင့် သီးနှံများကိုဝယ်ယူကာ လိုအပ်သည့်ယင်းသီးနှံကို လိုအပ်နေသည့်ဒေသများတွေ သမဝါယမအသင်းများ၏ချိတ်ဆက်မှုဖြင့် ဈေးကွက်ရှာဖွေပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ သမဝါယမအသင်းဝင်မဟုတ်သည့် တောင်သူလယ်သမားများကိုပါ ကူညီပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုသူတောင်သူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် သမဝါယမ ဦးစီးဌာနချုပ်ရုံးသို့ ဆက်သွယ်ကာ အကူအညီ တောင်းခံနိုင်ကြောင်း သမဝါယမဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ ရှမ်းပြည်နယ် သမဝါယမအသင်းချုပ်က တောင်ကြီးပင်းတယမြို့နယ်ရှိ ဂေါ်ဖီစိုက်ပျိုးသည့် တောင်သူများထံမှ ဂေါ်ဖီထုတ် ၅၀၀၀ ကို တစ်ထုတ်လျှင် ၁၅၀ ကျပ်ဖြင့် ဝယ်ယူကာ မန္တလေးတိုင်းဒေသကြီး၌ ယင်းဈေးနှုန်းအတိုင်း ပြန်လည် ရောင်းချပေးခဲ့ကြောင်း သမဝါယမဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/139940.html

### ၄.၆.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၀၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၈/- ကျပ် |
| CBM Rate | = ၁၄၀၃.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၅၆.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၈.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၄၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဒီမော့ဆိုတွင် ပြောင်းခင်းများ ပိုးကျပျက်စီး



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် သေးဆူလဲ ကျေးရွာဒေသခံများ ဧက ၅၀၀ ခန့် စိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းတွေ ပိုးကျပြီး ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသည်။ ပြောင်းခင်းများတွင် ငမြှောင်တောင်ပိုးကျမှုကြောင့် ပြောင်းခင်းတွေ ဖျက်ဆီးခံနေရတာ ၂ နှစ် ဆက်တိုက်ရှိပြီးဖြစ်တယ်လို့ သေးဆူလဲ ကျေးရွာအတွင်းရေးမှူးနှင့် ပြောင်းစိုက်တောင်သူ ဦးညားရယ်ကပြောသည်။ “ပိုးအကျများတာက နှစ်နှစ်ရှိပြီပေ့ါနော်။ ပြီးခဲ့တဲ့ တစ်နှစ်က တော်တော်ကျတယ်။ တချို့ဆေး( ပိုးသတ်ဆေး ) နိုင်တဲ့ တောင်သူတွကတော့နိုင်တယ်။ ဆေးက သုံးလေးခေါက်ဖြန်းရတာပေ့ါနော်။ မတတ်နိုင်တဲ့ သူတွေကတော့ အရှုံးခံရတာပေ့ါ။ အထွက်နှုန်းက ထက်ဝက်လောက်ကျတယ်” လို့ ပြောသည်။ သူကဆက်ပြီးတော့ ယခင် ပြောင်းတစ်ဧကကို ၂၅ ပိဿာဝင် အိတ် ၁၂၀ ထွက်ရှိရာကနေ ယခုအခါ အိတ် ၈၀ အောက်သာရရှိပြီး ပြောင်းဈေးကျတဲ့အတွက် ကြောင့် တွက်ချေမကိုက်ဘူးလို့ဆိုသည်။ “ခါတိုင်း ဈေးကောင်းတဲ့ နှစ်ဆိုရင် ၄၀၀–၄၄၀ရောင်းရတယ်။ အစိုပေ့ါနော်။ အခုကျတော့ အရင်နှစ်လို ၃၅၀ တောင်မရတော့ဘူး။ အရှုံးပေါ်ကြတယ် ”လို့ဆိုသည်။

ပြောင်းစိုက်တောင်သူတွေ အဆိုအရ ပြောင်းပင်များကို ပိုးတွေဖျက်ဆီးတဲ့အပြင် မိုး ခေါင်တာနဲ့ ကြုံတဲ့အခါမှာ တောင်သူတွေ နှစ်ခါ ပြန်စိုက်ရတာတွေရှိကြောင်းသိရသည်။ အိမ်ခြေ ၂၀၀ လောက်ရှိတဲ့ သေးဆူလဲကျေးရွာ ဒေသခံများက ပြောင်းကို အဓိက စိုက်ပျိုး နေတာကို မြင်တွေ့ရသည်။ ပြောင်းစိုက်ခင်းတွေ ပိုးကျတာနဲ့ပတ်သက်ပြီး တောင်သူတွေကို သဘာဝ ပိုးသတ်ဆေး ဖော်စပ်တဲ့နည်းပညာနဲ့ ပိုးသက်သာအောင်လုပ်တဲ့ နည်းပညာတွေကူညီဆောင်ရွက်ပေးနေတယ်လို့ ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေး ဦး စီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ် ရိုးစ်ဖူးထေးမြာက ပြောပါတယ်။ “အခု ကိုဗစ်ကြောင့် လူစုလူဝေး မလုပ်ရဘူး ဆိုတော့ အခုတောင်သူပညာပေးတာ မ လုပ်ဖြစ်သေးဘူးပေ့ါ။ လုပ် ဖို့တော့ အစီအစဉ်ရှိတယ်” လို့ ဆိုသည်။ ဒေါ် ရိုးစ်ဖူးထေးမြာရဲ့ ပြောပြချက်အရ ငမြှောင်တောင်ပိုးဟာ စိုက်ခင်းများကို ဖျက်ဆီးနိုင်စွမ်းအမြင့်ဆုံး ဖျက်ပိုးများဖြစ်ပြီး တစ်ညလျှင် မိုင်(၆၀)ကျော် ပျံသန်းနိုင်သကဲ့သို့ အမတစ်ကောင်လျှင် ဥပေါင်း (၁၀၀)မှ (၁၅၀) ကျော်အထိ ဥချနိုင်ကြောင်း သိရှိရသည်။

**Source:** http://www.mizzimaburmese.com/article/70406

## တစ်နှစ်ကျော်အတွင်း အမြင့်ဆုံးရောက်ခဲ့သော အိန္ဒိယဆန်ဈေးပြန်ကျလာ




အိန္ဒိယဆန်ဈေး တစ်နှစ်ကျော်အတွင်း အမြင့်ဆုံး ရောက်လာခြင်းကြောင့် ဝယ်လိုအား နှေးကွေးလာသဖြင့် ယခုတစ်ပတ်တွင်မူ အိန္ဒိယဆန်ဈေးများ ပြန်ကျလာသည်။ ဗီယက်နမ်ဆန် ဝယ်လက်များကမူ ကပ်ရောဂါ ရင်ဆိုင်နေစဉ် ဆန်ရိက္ခာဖြည့်တင်းလာသဖြင့် ဗီယက်နမ်ဆန်ဈေးကို နှစ်နှစ်နီးပါးအတွင်း အမြင့်ဆုံး၌ ဆက်လက်ရပ်တည်စေခဲ့သည်။

အိန္ဒိယ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က ၂၀၁၉ ခုနှစ်၊ ဧပြီလ နောက်ပိုင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၃၈၅–၃၈၉ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၇၀–၃၇၅ ဒေါ်လာသို့ လျော့ကျလာသည်။ “အိန္ဒိယဆန်ဈေးမြင့်လာတာကြောင့် ပြီးခဲ့တဲ့ သုံးလေးရက်အတွင်း ဝယ်လိုအား လျော့လာပါတယ်။ လဆန်းပိုင်းမှာတုန်းက အဝယ်လိုက်ခဲ့ရာကနေ ဝယ်လက်တွေဘက်က

တန့်လာပါတယ်“ဟု မွမ်ဘိုင်းမြို့အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ရူပီးအားပျော့လာခြင်းနှင့် အိန္ဒိယဆန်ဈေးမှာ အခြားနိုင်ငံထက် သက်သာခြင်းတို့ကြောင့် ပြီးခဲ့သည့် သီတင်းပတ်များက အိန္ဒိယဆန်ကို ဝယ်လိုအားမြင့်တက်ခဲ့သည်။ ဗီယက်နမ်တွင် ငါးမှတ်ဆန်ဈေးများသည် ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲမရှိဘဲ တစ်တန်လျှင် ဒေါ်လာ ၄၅၀-၄၆၀ တွင် ရပ်တည်ခဲ့ပြီး ဈေးမှာ လာမည့်သီတင်းပတ်များအတွင်း မြင့်တက်လာဖွယ်ရှိကြောင်း ကုန်သည်များကပြောသည်။ “ဝယ်လိုအားဟာ ရိတ်သိမ်းစ နွေနှောင်းစပါးဘက်က ရလာတဲ့ ရောင်းလိုအားထက် ပိုမိုမြန်ဆန်စွာ မြင့်တက်နေတာပါ” ဟု မဲခေါင်မြစ်ဝကျွန်းပေါ် An Giang ပြည်နယ်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ “ကျူးဘား၊ မလေးရှားနဲ့ ဖိလစ်ပိုင်တို့ဆီက ဝယ်လိုအားတက်လာတာကို တွေ့ရပါတယ်။ သူတို့က ကိုရိုနာဗိုင်းရပ်စ်ကပ် ကာလကြာမြင့်မှာကို ကြိုတွက်ပြီး ဆန် သိုမှီးလာကြတာပါ” ဟု ၎င်းကပြောသည်။ ထိုင်းငါးမှတ်ဆန်ဈေးမှာ အစောပိုင်းက တစ်တန်လျှင် ၄၈၀-၅၀၅ ဒေါ်လာကြားရှိခဲ့ရာမှာယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၈၉-၄၉၀ ဒေါ်လာတွင် ရပ်တည်ခဲ့ပြီး ဝယ်လက်များက ဈေးပိုသက်သာသောအိန္ဒိယနှင့်ဗီယက်နမ်ဆန်များကို ရွေးချယ်လာသည်ဟု ကုန်သည်များကပြောသည်။ “အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒါပေမယ့် ထိုင်းဆန်ဈေး ကြီးမြင့်နေသေးတာကြောင့် စာချုပ်ကြီးကြီးမားမားမဖြစ်ပါဘူး” ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။

ယခုလတွင် ထိုင်းစပါးစိုက်ဧရိယာများ မိုးရခဲ့သဖြင့်ဆယ်စုနှစ်များစွာအတွင်းအဆိုးဆုံးမိုးခေါင်မှုကြောင့် ဖြစ်ပေါ်သောဆန်ရောင်းလိုအား စိုးရိမ်မှုများပြေလျော့ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၏ အဓိကစပါးရာသီဖြစ်သော နွေစပါးစိုက်ဧရိယာမှာ သုံးနှစ်တာအနိမ့်ဆုံးကျဆင်းခဲ့၍ ယခုရာသီ အထွက်မျှော်မှန်းချက် တန်ချိန် ၂၀ ဒသမ ၀၄ သန်းကိုပြည့်မီဖွယ်မရှိကြောင်းသိရသည်။ နွေစပါးစိုက်ဧရိယာသည် ယခင်နှစ်က ဟက်တာ ၄ ဒသမ၉ သန်းရှိခဲ့ရာမှ ယခုရာသီတွင် ဟက်တာ ၄ ဒသမ ၇၅ သန်းသို့လျော့ကျလာကြောင်း ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီးဌာန၊ တိုးချဲ့ပညာပေးဌာန၏ စာရင်းများအရသိရသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

http://htwettoe.com/article-details/education/9418726

## မြိတ်ဒေသထွက် ငှက်သိုက်များကို ပြည်ပအထိ ဈေးကွက်ထိုးဖောက်နိုင်ရန် တိကျသည့်မူဝါဒများ ချပေးရန် လိုအပ်နေကြောင်းသိရ



မြိတ်ဒေသထွက်ငှက်သိုက်များကို ပြည်ပအထိ ဈေးကွက်ထိုးဖောက်နိုင်ရန် တိကျသည့်မူဝါဒများချပေးရန်လိုအပ်နေကြောင်း လုပ်ငန်းရှင်များကပြောကြားသည်။ မြိတ်ဒေသထွက် ငှက်သိုက်များကို လက်ရှိအနေထားတွင် ပြည်တွင်းဈေးကွက်ကိုသာ အဓိကမှီခိုနေရပြီး တရုတ်၊ စင်ကာပူနှင့် နိုင်ငံတချို့မှ စားသုံးမှုများရှိနေသော်လည်း ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ခြင်းမရှိ ဖြစ်နေကြောင်းသိရသည်။ ပြည်ပသို့တင်ပို့ရာတွင် ထုတ်လုပ်မှုကဏ္ဍမြင့်မားလာနိုင်ရန်ပံ့ပိုးပေးခြင်း၊ နည်းပညာအကူညီပေးခြင်း၊ တိကျသည့် အခွန်မူဝါဒများ ချမှတ်ပေးရန်လိုနေကြောင်းသိရသည်။ “ကျွန်တော်တို့မှာ လတ်တလောက ပြည်ပကိုပို့နိုင်တဲ့ အခြေအနေမှာ မရှိသေးဘူး။ ရန်ကုန်၊ မန္တလေးနဲ့တခြားမြို့တွေကို ပို့ရတယ်။ ပြည်တွင်းစားသုံးမှုကို မှီခိုပြီးနေရတယ်။ ပြည်ပတင်ပို့မှုအတွက်လိုအပ်တာက ဌာနရဲ့မူဝါဒတွေက ငြိစွန်းနေတာတွေရှိနေတယ်။ ပြည်ပပို့ဖို့အတွက် တိကျတဲ့မူဝါဒမရှိသေးဘူး။ ဈေးကွက်အတွက် တိကျတဲ့မူဝါဒရှိလာပြီဆိုရင် ပြည်ပပို့ဖို့အတွက် လုပ်လာနိုင်မှာပါ။ မြိတ်ဒေသမှာ ဒါကသဘာဝကပေးတဲ့ သယံဇာတဖြစ်နေတယ်။ ဒီကဏ္ဍကိုသာ အစိုးရကပံ့ပိုးပေးနိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေအထိုက်အလျောက်တော့ရလာနိုင်မှာပါ” ဟု Mi Mi ငှက်သိုက်ရောင်းဝယ်ရေးမှ ဦးပြည့်ဖြိုးဟန်က ပြောကြားသည်။

ငှက်သိုက်များမှာ မြိတ်ကျွန်းစုအတွင်းရှိ မြိတ်၊ ဘုတ်ပြင်း၊ ပုလောမြို့နယ်များတွင် အဓိကထွက်ရှိပြီး ကျွန်းငှက်သိုက်နှင့် အိမ်ငှက်သိုက်ဟုနှစ်မျိုးရှိကြောင်း၊ ကျွန်းငှက်သိုက်မှာ ပိုမိုတန်ဖိုးကြီးကြောင်းသိရသည်။ “အခွန်ကောက်မယ်ဆိုရင်လည်း

တိကျတဲ့ အခွန်မူဝါဒ၊ သယ်ဆောင်မယ်ဆိုရင် သယ်ဆောင်ဖို့မူဝါဒ ရှိဖို့လိုတယ်။ အခုကျွန်တော်တို့ ငှက်သိုက်ကို ကုန်ကြမ်းအဖြစ် အခွန်ဆောင်တယ်။ ပြီးတော့ ထုတ်လုပ်တဲ့လုပ်ငန်းလုပ်တယ်။ အားလုံးကတရားဝင်ဖြစ်နေတယ်။ ဒါပေမဲ့ကုန်ချောဖြစ်ပြီး သယ်ဆောင်တဲ့အချိန်မှာ ထပ်ဆင့်ပြီး မှောတစ်ဆင့်ထပ်ထုတ်ရတယ်။ ဝယ်တဲ့သူတွေက တစ်ပိဿာ၊ နှစ်ပိဿာ ဝယ်ယူရတာမျိုး မဟုတ်ဘူး။ တစ်ကျပ်သား၊ နှစ်ကျပ်သားဝယ်တာမျိုးပါ။ လာဝယ်တဲ့အချိန်ကလည်း ဘယ်အချိန်ဝယ်ရမယ်မျိုးမရှိဘူး။ တစ်ယောက်ချင်းစီကို မှောလိုက်ထုတ်နေရတဲ့ ပုံစံမျိုးဖြစ်နေတယ်။ ဒါကြောင့် ကုန်ကြမ်းပမာဏအပေါ်မဟုတ်ဘဲ ထုတ်လုပ်တဲ့ ပမာဏအပေါ်မူတည်ပြီး အခွန်ကောက်တံဆိပ်ခေါင်းကပ်ပေးလိုက်ရင် သယ်ယူရတာပိုပြီးအဆင်ပြေသွားပါလိမ့်မယ်” ဟု ဦးပြည့်ဖြိုးဟန်က ဆက်လက်ပြောကြားသည်။

မြိတ်ဒေသတွင် ငှက်သိုက်များမွေးမြူရာတွင် သစ်တောဌာန၏ မွေးမြူခွင့်စာချုပ်၊ သတ်မှတ်ထားသည့် အိမ်အတိုင်းအထွာ၊ ပတ်ဝန်းကျင်ဆူညံမှုကင်းရှင်းကြောင်းအထောက်အထားနှင့် သတ်မှတ်ထားသည့်အခွန်များ ပေးဆောင်ရန်လိုအပ်ကြောင်း သိရသည်။ ငှက်သိုက်များ မွေးမြူခြင်းကို ယခုအခါမြိတ်ဒေသအပြင် မွန်ပြည်နယ်အထိလုပ်ဆောင်လာကြပြီး ငှက်သိုက် သယ်ယူခွင့်နှင့် ပြည်ပပို့ကုန်အဖြစ်တိုးမြှင့်နိုင်ရန် မူဝါဒများ၊ နည်းပညာများလိုအပ်နေကြောင်း လုပ်ငန်းရှင်များက ပြောကြား သည်။

**Source:** https://news-eleven.com/article/176886

## COVID-19 ကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ကုန်ဈေးကွက် ထက်ဝက်ခန့်ထိခိုက်ခဲ့ပြီး ငါးသားပေါက်ရာသီချိန်တွင် ရေလုပ်သားသောင်းနှင့်ချီ အလုပ်လက်မဲ့ထပ်မံတိုးပွားလာ



COVID-19 ကပ်ရောဂါကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ကုန်ဈေးကွက် ထက်ဝက်ခန့် ထိခိုက်ခဲ့ပြီး ငါးသားပေါက်ရာသီ အချိန်တွင် ရေလုပ်သားသောင်းနှင့်ချီကာ အလုပ်လက်မဲ့ ဖြစ်လာခဲ့ ကြောင်းသိရသည်။ မတ်လအတွင်းမှ စတင်ဖြစ်ပွားနေသော ရေထွက်ကုန်ဈေးကွက် အနိမ့်ခံရမှုမှာထိုင်း တစ်နိုင်ငံတည်းကိုသာ အားကိုးနေရသည့်အတွက် ဈေးကွက်ပျက်လုနီးပါးဖြစ်ခဲ့သော်လည်း လုပ်ငန်းရှင်များအနေဖြင့် ရေလုပ်သားများအတွက် အလုပ်အကိုင် ရရှိနေစေရန် ဆက်လက်လုပ်ကိုင်ခဲ့ရကြောင်းသိရသည်။ ရေလုပ်သား များအပြင် ရေထွက်ကုန်နှင့်ပတ်သက်သည့် စက်ရုံအလုပ်ရုံအများတွင်လည်း လုပ်သားအင်အားလျှော့ချခဲ့ရပြီး ထိုင်းနိုင်ငံမှ ပေးသည့်ဈေးဖြင့်သာ ထိုးရောင်းနေခဲ့ရကြောင်းသိရသည်။

“ဘာကအခြေခံသွားလဲဆိုတော့ ဈေးကွက်ကအခြေခံသွားတာ ပထမဆုံးစဖြစ် (COVID-19) တော့တရုတ် ပြည်ဈေးကွက်က ပိတ်လိုက်တယ်။ မူဆယ်ဂိတ်တွေ ပိတ်လိုက်တယ်။ တရုတ်ဈေးကွက်ကို ပို့နေတဲ့ငါးတွေက သွားလို့ မရတော့ဘူး။ ယိုးဒယားတစ်နိုင်ငံပဲကျန်တယ်။ ယိုးဒယားဈေးကွက်တစ်ခုကိုပဲသွားနေရတဲ့အတွက် ၁၀၀ တန်ရေထွက်ကုန် တစ်ခုက ၆၀ လောက်ပဲကျန်တယ်။ တချို့ရေထွက်ကုန်တွေကိုဆိုရင် ၁၀၀ တန်ကို ၄၀ လောက်နှင့် ရောင်းရတဲ့အနေထား တစ်ခု အထိ ရောက်သွားတော့တယ်။ လှေပိုင်ရှင်တွေက ဘာဖြစ်သွားသလဲဆိုတော့ ရသင့်ရထိုက်တဲ့ အကျိုးအမြတ်ကမရတော့ဘဲ ကိုယ့်ရေလုပ်သားတွေ အလုပ်အကိုင် ရရှိနေပါစေဆိုပြီး လုပ်နေရတော့တယ်။ တကယ်လို့ အလုပ်တွေကို ရပ်နားလိုက်မယ်ဆိုရင် အလုပ်လက်မဲ့တွေ ဖြစ်သွားမယ်။ အဆက်အသွယ်တွေကပြတ်သွားမယ်။ ဒါကြောင့်လုပ်ငန်းကိုမရပ်ဘူး။ လှေပိုင်ရှင်တွေ အကျိုးအမြတ်မရရင်တောင်မှ ကိုယ့်ရေလုပ်သားတွေကို အလုပ်အကိုင်ကို လတ်တလောမှာ ဖြေရှင်းပေးထားနိုင်တယ်ဆိုတဲ့ အနေထားတစ်ခုနဲ့တင်းခံထားကြတယ်။ ကံကောင်းတာတစ်ခုက လောင်စာဆီဈေးကျသွားတာက တစ်ဖက်တစ်လမ်းက အများကြီး အထောက်အကူဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ ဒီလောက်ရပ်တည်သွားနိုင်တာပါ။ လောင်စာဆီက ဈေးမကျဘူး။ မူလအတိုင်း တစ်ပေပါကို နှစ်သိန်းလောက်အထိဖြစ်နေမယ်ဆိုရင် ပြီးခဲ့တဲ့မတ်လပိုင်းကစပြီး ရေလုပ်ငန်းတွေက ရပ်သွားခဲ့ မှာပါ။ စက်ရုံအတွေမှာက ဘာဖြစ်သွားလဲဆိုတော့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့လမ်းညွှန်ချက်တွေနဲ့

မညီညွတ်ဘူးဆိုရင် စက်ရုံတွေလုပ်လို့ မရတာရယ်၊ လူဦးရေလျော့ပေါ့ရတာတွေကလည်း အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ တချို့စက်ရုံတွေက လူအင်အား မဖြစ်မနေလျှော့ပြီး လည်ပတ်နေရတယ်ဆိုတော့ ကုန်တန်အား တန် ၁၀၀ ဖြုန်းနိုင်တယ်ဆိုရင် အခုဆို တန် ၅၀ လောက်ပဲဝယ်နေကြတယ်။ ဝယ်တဲ့သူနဲ့ ရောင်းတဲ့သူမှာ ရောင်းတဲ့သူကပိုများနေတဲ့အတွက် ဈေးကွက်ပါ ပျက်သွားတဲ့အတွက် လုပ်ငန်းရှင်ကအများကြီးထိခိုက်တယ်" ဟု မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းမောင်က ပြောကြားသည်။

**Source:** https://news-eleven.com/article/176765

## ဒေသကြက်ပေါက်ဝယ်ယူရာတွင် အာမခံချက်ရှိသည့်နေရာမှ ဝယ်ယူသင့်



ကြက်သားဈေးကွက်အတွင်း တစ်ပိဿာချင်းဈေးနှုန်းပိုမိုရရှိနေသည့် ဒေသကြက်ကို မွေးမြူလိုသူများပြားသော်လည်း ကြက်ပေါက်ဝယ်ယူရာတွင် အခက်အခဲမျိုးစုံ ကြုံတွေ့နေရကြောင်း သိရသည်။ ဒေသကြက် တိုင်းရင်းကြက်တွေမှာ ကြက်ပေါက်ဝယ်မွေးပြီး ရောင်းချိန်မှာ ဘာကြောင့်ဈေးနှိမ်ခံနေရသလဲ။ ဘာကြောင့် စိတ်လျော့သွားကြသလဲ။ အဲ့ဒီအဖြေကို မသိကြတာကြောင့် မွေးသမားတွေ အကြွေးပတ်လည်ဝိုင်းနေတာပါ။ ကြက်ပေါက်ကိုဝယ်ယူရာမှာ အာမခံချက်ရှိတဲ့နေရာက ဝယ်ယူသင့်ပါတယ်။ ဟု ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ မြန်မာ့အားမာန်ရှင်ကြက်မွေးမြူရေးလုပ်ငန်းမှ ဦးဝင်းနိုင်ကပြောသည်။

ကြက်ပေါက်ကို အွန်လိုင်းမှမှာယူပြီး၊ ငွေလိမ်ခံရခြင်းများအပြင် မျိုးကောင်းမျိုးသန့်မရရှိခြင်းနှင့် မွေးမြူထိန်းသိမ်းမှု နည်းစနစ်မကျွမ်းကျင်ခြင်းတို့ကြောင့်လည်း လေလွင့်ဆုံးရှုံးခြင်းများကို ခံစားနေကြရသည်။ ကြက်ပေါက်ရောင်းသူတွေကလည်း သူတို့ရောင်းတဲ့ ကြက်ပေါက်တွေကို ဈေးကွက်ဝင်အောင် မွေးမြူနည်းမပေးကြလို့ပါ။ ပေးဖို့ကလည်း ဘယ်မျိုးကို ဘယ်လို အစာကျွေးပြီး ဘယ်လိုမွေးရမယ်။ ဘယ်ဈေးရမယ်ဆိုတာ သူတို့ကိုယ်တိုင် သေချာမသိတော့ မွေးသူကို နည်းမပေးနိုင်ကြဘူးလေ။ ဒါကြောင့် မွေးသူများကလည်းသေချာမေးပါ။ ဝယ်ပြီးမှအဆင်မပြေရင် ကြက်ပြန်သိမ်းပေးမလား။ ဘယ်ဈေးပေးမလဲ။ စာချုပ်နဲ့လုပ်မလားပေါ့။ အာမခံချက်တစ်ခုခုမပေးနိုင်တဲ့ ကြက်ပေါက်ရောင်းသူဆီက မဝယ်ကြပါနဲ့ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန် ကြက်သားဈေးကွက်တွင် ဒေသကြက်အသားတစ်ပိဿာလျှင် (အမ) ၇၀၀၀ ကျပ်၊ (အထီး) ၆၅၀၀ ကျပ် ဝန်းကျင်ဖြင့် ကြက်သားများဖြန့်ဖြူးရောင်းချနေပြီး၊ စတင်မွေးမြူသည့်အရွယ် ကြက်ပေါက်စတစ်ကောင်လျှင် ၉၀၀ ကျပ်၊ ၂၁ ရက်သား ကြက်တစ်ကောင်လျှင် ၁၈၀၀ ကျပ်တို့ဖြင့် ဝယ်ယူမွေးမြူနိုင်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/should_buy_small_chicken_from_warranty_shops

## နှမ်းဈေးမကောင်းသဖြင့် တောင်သူများ တွက်ချေမကိုက်ဖြစ်နေ

နှမ်းဈေးကျဆင်းနေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တွက်ချေမကိုက်ဖြစ်နေရကြောင်း နှမ်းစိုက်တောင်သူများထံမှသိရသည်။ မေလဆန်း နွေနှမ်းရိတ်သိမ်းချိန်တွင် နှမ်းဈေးဆက်တိုက်ကျဆင်းနေပြီး ၁၅ ပိဿာဝင် နှမ်းတစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရရှိနေခြင်းဖြစ်သည်။ ၁၅ ပိဿာပါတဲ့ တစ်တင်းကို ၄၈၀၀၀ ကျပ်ပဲ ရတယ်။ ဒီနှမ်းဈေးနဲ့ဆိုရင် မလွယ်ဘူး။ အရည်အသွေးအဆင့်မမီလို့ပဲလားတော့ မသိဘူး။ ဈေးကျသွားတယ်။ ပွဲရုံတိုင်းက မဝယ်သေးဘူး။ နွေနှမ်းတွေကလည်း စထွက်နေပြီလေ။ ဈေးကောင်းဘယ်တော့ရမလဲ မမှန်းတတ်ဘူး။ ပေးသလောက်နဲ့ ရောင်းရမှာ။ ပေးသလောက်နဲ့ ဘာလို့ရောင်းရသလဲဆိုတော့ နှမ်းရိတ်ခ၊ အလုပ်သမားခတွေ ရှင်းပေးရတော့မှာကြောင့်ပါဟု စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရေထွက်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးလှဝင်းဆွေကပြောသည်။

၂၀၁၉ ခုနှစ်က နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ကျော်အထိ ပေါက်ဈေးရရှိသဖြင့် ဈေးကောင်းရ၊ ကုန်ကျစရိတ် ကာမိခဲ့ကြောင်းသိရသည်။ နှမ်းက တစ်ဧကကို ၁၃ တင်းအောက်ခံထွက်တယ်။ မနှစ်ကဆို နှမ်းဈေးကောင်းခဲ့ပါတယ်။ ဈေးကောင်းရမှလည်း အမြတ်ကျန်မှာလေ။ ဒီနေ့သွားရောင်းတာဆို တစ်တင်းလေးသောင်းပဲပေးလို့ မရောင်းပဲပြန်သယ်လာလိုက်တယ် ဟု နှမ်းစိုက်တောင်သူတစ်ဦးကပြောသည်။ ထွန်ခိုင်ငှားရခြင်း၊ နှမ်းမျိုး တစ်ပြည်လျှင် ၇၀၀၀ ကျပ်ဖြင့် ဝယ်ယူရခြင်း၊ အလုပ်သမားခ (နေ့လည် ထမင်းကျွေးရ သည့်အပြင်) တစ်နေ့ ၆၀၀၀ ကျပ် ပေးငှားရခြင်း စသည့် ကုန်ကျစရိတ်များရှိသဖြင့် စုစုပေါင်း နှမ်းစိုက်ပျိုးစရိတ် တစ်ဧကကို (၂၅၀၀၀၀) ခန့် ကုန်ကျကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/price_of_sesame_is_not_good_for_farmers

## ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဝက်နှင့်ဝက်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ရောင်းချမှုများကို ယာယီကန့်သတ်

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိမြို့နယ်များတွင် ဝက်နှင့် ဝက်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ရောင်းချမှုများကို ယာယီကန့်သတ်လိုက်ကြောင်း ရှမ်းပြည်နယ် အာဖရိကဝက်အပြင်းဖျား ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီမှသိရသည်။ ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း သံသယဖြစ်ဖွယ် ဝက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သဖြင့် ညောင်ရွှေမြို့နယ်နှင့် နီးစပ်သည့် တောင်ကြီး၊ကလော၊ရပ်စောက်၊ဖယ်ခုံ၊ဟိုပုံး၊ဆီဆိုင်၊ပင်လောင်း၊ပင်းတယနှင့်ရွာငံမြို့နယ်တို့တွင် ဝက်နှင့်ဝက်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ရောင်းချမှုများကို ယာယီကန့်သတ်တားမြစ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။ "ဝက်တွေသေဆုံးနေတယ်ဆိုပြီး စစ်ကြည့်လိုက်တော့ ဝက်အားနည်းရောဂါဖြစ်နေတာတွေ့ရတယ်။ဒါကြောင့် ရောင်းချတာရော၊တင်ပို့တာပါကန့်သတ်လိုက်တာပါ"ဟု ရှမ်းပြည်နယ်အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် အသိပေးတားမြစ်ချက်ပိုစတာများကို ညောင်ရွှေမြို့နယ်အတွင်းရှိ အချက်အချာကျသည့် နေရာ ၁၆ ခုတွင် စိုက်ထူခဲ့ကြောင်းနှင့် တားမြစ်ချက်များဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ကြောင်းသိရသည်။

**Source:**https://www.facebook.com/pyimyanmarnews/?hc_ref=ARTGkYy6IaIUbpD3DVi_aBGCSdXoB5g92GBr2VENhLY1kE2UU1KbjKTgJ97vScbMFN4&fref=nf&__tn__=kC-R

## မန်းကုန်စည်ဒိုင်တွင် အိန္ဒိယဝယ်လက်များကြောင့် ပဲစင်းငုံတက်ဈေးဖြင့်ရောင်းရ

မန္တလေးကုန်စည်ဒိုင်တွင် အိန္ဒိယဝယ်လက်များကြောင့် ပဲစင်းငုံဈေးကွက်မှာ တက်ဈေးဖြင့်အဝယ်များပြားနေကြောင်း သိရသည်။ ထို့ပြင် နှမ်းသစ်များပေါ်တော့မည်ဖြစ်၍ ကုန်စည်ဒိုင်အတွင်း နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ အထိ ဈေးချအဝယ်ခံရသော်လည်း အိန္ဒိယပို့ကုန်အဖြစ်ဝယ်ယူသော ပဲစင်းငုံမှာ ယနေ့တွင်တက်ဈေးရှိသည့်အပြင် ဝယ်ယူသူများပြားနေကြောင်းသိရသည်။ "နှမ်းက တရုတ်ပို့ကုန်အဖြစ်အဝယ်များတယ်။ ဝယ်သူတွေရှိပါတယ်။ မဝယ်တာတော့မဟုတ်ဖူး။ အခုက နှမ်းသစ်ပေါ်တော့မှာဆိုတော့ နှမ်းဝယ်လက်တွေက ဈေးချပြီးမှဝယ်နေကြတာ။ ပဲစင်းငုံဆိုရင် ဒီနေ့တက်ဈေးရတဲ့ အထဲမှာပါတယ်။ အိန္ဒိယပို့ကုန်အဖြစ် အဓိကဝယ်ကြတာ။ ဒီနေ့ပေါက်ဈေး သုံးတင်းတစ်အိတ် ၇၃၀၀၀၊ ၇၄၀၀၀၊ ၇၅၀၀၀ ဆိုပြီး ဈေးသုံးမျိုးသုံးစားခဲ့ဝယ်ကြတာ။ အရောင်းအဝယ်သွက်နေတယ်"ဟု မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်အနေဖြင့် ဇွန် ၄ ရက်တွင် စမုန်နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၅၄၀၀၀ မှ ကျပ်၁၅၅,၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၂၅,၀၀၀ နှင့် နှမ်းညိုတစ်အိတ် ကျပ် ၁၁၂,၀၀၀ ဈေးရှိရာ စမုန်နှမ်းမှာ နှစ်ပတ်အတွင်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ အထိဈေးချအဝယ်ခံရသည်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် မြေပဲဆန်(ဖြူ) တစ်ပိဿာ ကျပ် ၃,၀၀၀ မှ ကျပ် ၃,၂၀၀၊ မြေပဲဆန်အနီ တစ်ပိဿာ ကျပ် ၃,၁၀၀ မှ ကျပ် ၃,၃၅၀ အထိ ရောင်းဈေးရှိပြီး မတ်ပဲ တစ်အိတ် ကျပ် ၉,၀၀၀ မှ ကျပ် ၉,၁၀၀ ဖြင့် ပြည်တွင်း ပဲခွဲစက်များက ဝယ်ကြသလို ပြောင်းဆန်ဈေးကွက်တွင် ကာဘိုးပြောင်း ကျပ် ၁၆,၀၀၀ ၊ရှမ်းပြောင်း ကျပ် ၂၇၅၀၀ မှ ကျပ် ၂၈၀၀၀ အထိ ပြည်တွင်းမွေးမြူရေး သမားများက အဝယ်များလျက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/139959.html

## ဖရဲ၊ သခွားအရှုံးပေါ်ခဲ့၍ လာမည့်ရာသီ အခြားသီးနှံများပြောင်းစိုက်ရန် တောင်သူများပြင်ဆင်

ယခုနှစ်၌ ဖရဲ၊သခွားစိုက်ပျိုးခဲ့သူများ အရှုံးပေါ်ခဲ့ခြင်းကြောင့် လာမည့်ရာသီ၌ တောင်သူများအနေဖြင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ "COVID-19 ကြောင့် လာမယ့်ရာသီမှာ ဖရဲ၊ သခွားတွေ မစိုက်နိုင်တော့ဘူး။ စိုက်ကေတော်တော်လျော့သွားမယ်။ ကိုဗစ်ကြောင့် နောက်ဆက်တွဲ ဈေးကွက်အခြေအနေကပျက်ကုန်ပြီ။ ဒီနှစ်မှာ တောင်သူတွေ ၉၉ ရာခိုင်နှုန်းရှုံးတယ်။ နွားရှိတဲ့သူက နွားရောင်း၊ မြေရှိတဲ့သူက မြေရောင်းတယ်။ အဲဒီ အခက်အခဲကြောင့် ဧက ၁၀၀၊၂၀၀ စိုက်တဲ့သူတွေက အနည်းအကျဉ်းခံနိုင်ရည်ရှိတယ်။ အခုချောင်းဦးမြို့နယ် ပတ်ဝန်းကျင်ဒေသက ဖရဲ၊ သခွားစိုက်တဲ့သူတွေ တစ်ယောက်မှမရှိကြတော့ဘူး"ဟု စစ်ကိုင်းတိုင်းဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝေမြင့်ကပြောသည်။

ဖရဲ၊သခွားများကို စစ်ကိုင်းတိုင်း ဒေသကြီးတွင် ချောင်းဦး၊ ခင်ဦး၊ တန့်ဆည်၊ ရေဦး၊ ကောလင်း၊ ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ ရွှေဘို၊ မြောင်၊ မြင်းမူ၊ ယင်းမာပင်၊ မုံရွာ၊ ပုလဲ စသည့်မြို့နယ်တို့တွင် စိုက်ပျိုးကြပြီး ဖရဲ၊ သခွားများကို ချောင်းဦးမြို့နယ်တွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖရဲစိုက်ဧက ၄၀၀၀၀ နှင့် ၅၀၀၀၀ ကြားရှိပြီး သခွားစိုက်ဧက ၂၀၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖရဲ၊ သခွားစိုက်တောင်သူများအနေဖြင့် နှစ်စဉ် ဩဂုတ်လမှ စ၍ ဖရဲ၊ သခွားများကို စိုက်ပျိုးကြပြီး နိုဝင်ဘာလဆန်းပိုင်းတွင် အသီးများခူးဆွတ်ရောင်းချလေ့ရှိကြသည်။ ဖရဲ၊ သခွားများ စိုက်ပျိုးရာတွင် ဖရဲ၊ သခွားတစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းဝန်းကျင် ကုန်ကျစရိတ်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/139958.html

## မြန်မာ့သကြား ပြည်တွင်း၊ ပြည်ပဈေးကွက်ပျက်နေသဖြင့် လာမည့်နှစ်ကြံစိုက်ပျိုးမှုလျော့မည်



သကြားပြည်ပတင်ပို့မှု တစ်ခုတည်းသော တရုတ်ဈေးကွက်မရှိတော့ခြင်း၊ ပြည်တွင်းဈေးကွက်အတွင်း သကြားဈေးကွက်ပျက်ခြင်းများကြောင့် လာမည့်ဘဏ္ဍာနှစ် ကြံစိုက်ပျိုးမှု ၇ နှစ်တာအတွင်း စံချိန်တင် လျော့ကျလာမည်ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက မြန်မာတိုင်းမ်ကို ပြောသည်။ လွန်ခဲ့သော ၂ နှစ်မှစ၍ တရုတ်ဈေးကွက်မရှိတော့၍ သကြားတင်ပို့မှု ရပ်လိုက်ရခြင်း၊ အခြားနိုင်ငံများသို့ တင်ပို့နိုင်မှုမရှိခြင်းကြောင့် ပြည်ပဈေးကွက်မရှိခြင်း၊ပြည်တွင်းဈေးကွက်တွင် ဈေးကွက်ပျက်လာသဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပ သကြားဈေးကွက်ပျောက်လာသည့် အခြေအနေနှင့်ရင်ဆိုင်နေရသည်။ ''ဈေးကွက်ပျက်ပြီးတော့ ဈေးနိမ့်တာအပြင် သကြားတွေကမကုန်တော့ ဈေးကွက်လုပြီးရောင်းနေကြတယ်။ ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားက နည်းနေတယ်။ ရောင်းလိုအားက များနေတော့ ဈေးကွက်လုကြတယ်''ဟု ၎င်းကပြောသည်။

သကြားကို ပြည်ပသို့တင်ပို့ရာတွင် တရုတ်ဈေးကွက်တစ်ခုသာရှိပြီး မြန်မာနိုင်ငံမှ သကြားတင်သွင်းမှုကို ၈၅ ရာခိုင်နှုန်း အခွန်ကောက်ခံခြင်း၊ မှောင်ခိုလမ်းကြောင်းဖြင့် သွားမရခြင်းတို့ကြောင့် တရုတ်ဈေးကွက်တင်ပို့မှုသည် ယခင်နှစ်ကတည်းက ရပ်သွားခဲ့သည်။ သကြားပြည်ပတင်ပို့မှုသည် ယခုနှစ်တွင် မရှိသလောက်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇- ၂၀၁၈ ခုနှစ်များတွင် re-export စနစ်ဖြင့် ထိုင်းမှသကြားတင်သွင်း၍ တရုတ်သို့ပြန်လည်တင်ပို့မှုသည် နှစ်စဉ်သကြားတန်ချိန် သိန်းချီ၍ တင်ပို့ခဲ့ပြီး ယခုအခါတင်ပို့ခြင်းမရှိတော့သည်မှာ ၂ နှစ်ကြာရှိပြီဖြစ်သည်။

အခြားနိုင်ငံဈေးကွက်များသည် သန့်စင်ထားသော သကြား( refile sugar)များ လိုချင်ပြီး ပြည်တွင်း စက်ရုံများသည် ယခင်ကတည်းက တည်ထောင်ထားသောစက်ရုံများဖြစ်ရာ file sugar အနေဖြင့်သာ ထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ခြင်းမရှိပဲ ပြည်တွင်း စားသုံးမှုအတွက်သာ သုံးစွဲနေ ခြင်းဖြစ် သည်။ ပြည်တွင်းရှိ သကြားစက်ရုံ ၂၉ ရုံအနက် refile sugar ကို ထုတ်လုပ်နေသည်မှာ မြန်မာ့စီးပွား ရေးကော်ပိုရေးရှင်းရှိ သကြားစက်ရုံနှင့် ထိုင်းနိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံ ၂ ရုံသာရှိ၍ ထုတ်လုပ်မှုနည်းသည့်အနေအထားဖြစ်သည်။

အဆိုပါအခြေအနေများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏စာရင်းအရ ၂၀၁၄-၂၀၁၅ ခုနှစ်မှ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကြံစိုက်ဧကသည် ၄ သိန်းနှင့်၊ ၄ သိန်းခွဲဝန်းကျင်စိုက်ပျိုးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကြံစိုက်ဧကလျာထားချက်အရ ၃ သိန်းခွဲကျော်သာရှိသည့်အတွက် ၇ နှစ်တာအတွင်း စံချိန်တင်လျော့ကျမည်ကို တွေ့ရသည်။ ''အခုစိုက်ပျိုးမှုလျော့ကျသွားပြီဆိုတော့ အနာဂတ်ကတော့ တဖြည်းဖြည်းစက်ရုံတွေပါ ပိတ်သိမ်းရမယ့်သဘောဖြစ်သွားတာပေါ့။ အရင်တုန်းက ဒီဖြစ်စဉ်တွဖြစ်လာတာပဲ။ အစိုးရဘက်ကလည်း ကြံ၊ သကြားစိုက်ပျိုးထုတ်လုပ်မှုကို အာရုံစိုက်မှုကအရမ်းနည်းပါတယ်။ ဒီလိုမျိုးသွားနေရင်တော့ သကြားကတဖြည်းဖြည်းနဲ့ ပြည်တွင်းမှာစိုက်ပျိုး မထုတ်လုပ်တော့ပဲ ပြည်ပကနေဝယ်စားရမယ့် အဆင့်ရောက်ချင်လည်း ရောက်သွားနိုင်တယ်။ ကြံစိုက်တောင်သူကလည်း သူတွက်ချေမကိုက်ရင် မစိုက်ဘူး။ မစိုက်ရင် သကြားစက်ရုံက ကုန်ကြမ်းမရှိရင်ရပ်တည်လို့မရဘူး။ လည်ပတ်မှုရပ်မယ်''ဟု ဦးဝင်းငွေးက ပြောသည်။

ယခင်အစိုးရလက်ထက်တွင်လည်း သကြားဈေးကွက်ပျက်သည့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည့်အတွက် အစိုးရသကြား စက်ရုံများ ပုဂ္ဂလိကသို့လွှဲပြောင်းပေးခဲ့ရသည်။ ယခုအခါ ပုဂ္ဂလိကစက်ရုံများပါရပ်ရတော့မည့် အခြေအနေဖြစ်လာနိုင်သည်ဟု အသင်း ဒုတိယဥက္ကဋ္ဌကပြောသည်။ ပြည်တွင်း၊ ပြည်ပ သကြားဈေးကွက်ပြန်လည်ရရှိရန်နှင့် ဈေးကွက်သစ်များရရှိရန်အတွက် စက်ရုံပိုင်းမှ ပြင်ဆင်မှုများလုပ်ဆောင်ရန်လိုအပ်သကဲ့သို့ ကြံစိုက်ပျိုးမှုကို မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနများအနေဖြင့်လည်း မူဝါဒအချို့ ဖြေလျော့ချခြင်း၊ မူဝါဒပြောင်းလဲခြင်းများလုပ်ရမည်ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌကဆိုသည်။

အစိုးရက လက်ရှိတွင်လုပ်ငန်းလိုင်စင်ဖြင့် ဖျော်ရည်လုပ်ငန်းရှင်များ၊ မုန့်လုပ်ငန်းရှင်များအား refile sugar ကို ပြည်ပမှ တင်သွင်းခွင့်ပြုထားပြီး တစ်လလျှင် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀,၀၀၀ ကျော် တင်သွင်းနေမှုသည် ပြည်တွင်းသကြားဈေးကွက်ကို လာရောက်ရိုက်ခတ်သည့်အတွက် ယင်းမူဝါဒများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြောင်းလဲရန်လိုအပ်သည်ဟု ၎င်းကထောက်ပြသည်။ ''သူတို့ လက်ရှိ refile sugar လိုတယ်ဆိုရင် ပြည်တွင်း စက်ရုံနှစ်ခုနဲ့ စာချုပ်ချုပ်လိုက်။ စက်ရုံနှစ်ရုံကို ပိုတိုးမြှင့်ထုတ်ခိုင်းလိုက်ရင် ပြည်တွင်းအချိုရည်လုပ်ငန်းရှင်က သန့်စင်ပြီး သကြားပဲသုံးမယ်ဆိုရင် ပြည်တွင်းထုတ်တဲ့ စက်ရုံနဲ့ ချိတ်ဆက်ပေးပြီး စာချုပ်နဲ့ရောင်း၊ ဒါမျိုးဆိုရင် ပြည်ပကနေတင်သွင်းမှုကိုလည်းလျှော့ချလို့ရမယ်''ဟု ဦးဝင်းငွေးကပြောသည်။ သကြားကို ပြည်ပမှတင်သွင်းရာတွင်လည်း အချို့လုပ်ငန်းရှင်များသည် ပြည်ပဈေးကျခြင်းခြင်းကြောင့် မိမိသုံးစွဲမှုထက် တန်ချိန်ပိုမိုတင်သွင်းကြပြီး ပြည်တွင်းဈေးကွက်ထဲ ပြန်လည်ရောင်းချခြင်းများ လုပ်ဆောင်ခြင်းကလည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ကိုထိခိုက်စေသည်ဟုဆိုသည်။ တဖက်တွင်လည်း တရုတ်ကုန်သည်များသည် ခွဲတမ်း (Quota) ရသည့်နိုင်ငံများမှ တင်သွင်းမည့်မူဝါဒရှိပြီး မြန်မာနိုင်ငံသည် တရုတ်ကပေးသော သကြားအတွက် ခွဲတမ်းရရှိရန်လျှောက်ထားရန်လိုအပ်ပြီး လျှောက်ထားရန် အစီအစဉ်သည်လည်းရပ်ဆိုင်းနေသည်။

တရုတ်အစိုးရ၏ The General Administration of Customs of the People’s Republic of China (GACC) လမ်းညွှန်ချက်များနှင့်ညီအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ပြီးမှသာ Quota လျှောက်ထားခွင့်ရှိမည်ဖြစ်သည်။ GACC သည် အကောက်ခွန်စနစ် စည်းကမ်းများ၊ ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက် (AQSIQ) များပါဝင်သည်။ ''အကုန်လုံးကတော့ အစိုးရဘက်အပိုင်းကရောၢကျွန်တော်တို့ ပုဂ္ဂလိကပိုင်းကရော၊ကြံစိုက်တောင် သူကစပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ ကြံ၊ သကြားလုပ်ငန်းအောင်မြင်မယ်''ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ဒုတိယဥက္ကဋ္ဌက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/139942.html

## အီးယူပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ဘယ်လ်ဂျီယံနိုင်ငံ ယူရို (၅.၅) ဘီလီယံရရှိမည်

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအလွန် အီးယူ၏ ပြန်လည်ထူထောင်ရေးရန်ပုံငွေ “Next Generation EU” မှ အထောက်အပံ့အဖြစ် ယူရို (၅.၅) ဘီလီယံကို ဘယ်လ်ဂျီယံနိုင်ငံရရှိနိုင်မည်ဟု ဥရောပကော်မရှင်အရသိရှိရကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်

အလွှန် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ယူရို (၇၅၀) ဘီလီယံအနက် ယူရို (၅၀၀) ဘီလီယံကိုအထောက်အပံ့အဖြစ်လည်းကောင်း၊ ယူရို (၂၅၀) ဘီလီယံကိုချေးငွေအဖြစ်လည်းကောင်း အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ကျန်းမာရေးနှင့်စီးပွားရေး အရထိခိုက်မှုအရှိဆုံးနိုင်ငံများသို့ ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံသည် အီးယူ၌ GDP per capita အမြင့်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်သဖြင့် ချေးငွေမဟုတ်ဘဲ အထောက်အပံ့အနေဖြင့် ယူရို (၅.၅) ဘီလီယံ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အီတလီနှင့်စပိန်နိုင်ငံတို့သည် အဆိုပါရန်ပုံငွေအစီအစဉ်မှ အကျိုးခံစားခွင့်အများဆုံး ရရှိ သည့်နိုင်ငံများဖြစ်ကြပြီး၊ အထောက်အပံ့နှင့်ချေးငွေနှစ်ခုပေါင်းအဖြစ် အီတလီနိုင်ငံသည် ယူရို (၁၇၃) ဘီလီယံ၊ စပိန်နိုင်ငံအနေဖြင့် ယူရို (၁၄၀) ဘီလီယံ အသီးသီးရရှိမည်ဖြစ်ကြောင်း၊ ၎င်းနိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို သိသိသာသာ ခံစားခဲ့ကြရပြီး၊ ၎င်းတို့၏ စီးပွားရေးမှာလည်း လက်ရှိအသွားအလာကန့်သတ်မှုများကြောင့်ကျဆင်းနေသည့် ခရီးသွားလုပ်ငန်းကဏ္ဍအပေါ်များစွာမှီခိုနေရခြင်းဖြစ်ကြောင်း၊ အီးယူ၏ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအလွှန် ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ပိုလန်နိုင်ငံသည် ယူရို (၆၃.၉) ဘီလီယံရရှိမည်ဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသည် ထောက်ပံ့ငွေရရှိမှု ယူရို (၃၈.၇) ဘီလီယံဖြင့် စတုတ္ထအများဆုံးအကျိုးခံစားခွင့် ရရှိသည့်နိုင်ငံဖြစ်ပြီး၊ ဂျာမနီနိုင်ငံသည် ယူရို (၂၈.၈) ဘီလီယံ အထောက်အပံ့ ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## တောင်ကိုရီးယားက ဂျပန်၏ပို့ကုန်ထိန်းချုပ်ကန့်သတ်မှုကိစ္စအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ ထပ်မံတင်ပြရန် ဆုံးဖြတ်ခဲ့

၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နေသည့် ဆီးမီးကွန်ဒတ် တာများအပါအဝင် နည်းပညာမြင့်ပို့ကုန်ပစ္စည်း သုံးမျိုးအအပေါ် ဂျပန်နိုင်ငံက ထိန်းချုပ်ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား တိုးတက်သည့် ဆွေးနွေးမှုရလဒ်မရရှိသေးခြင်းကြောင့် တောင်ကိုရီးယားက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO) ၏ dispute settlement body သို့ ထပ်မံအရေးဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန်လ ၂ ရက်နေ့က ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံက ၎င်း၏နည်းပညာဆိုင်ရာ အဆင့်မြင့်ပို့ကုန် ပစ္စည်းသုံးမျိုးကို တောင်ကိုရီးယားသို့ တင်ပို့ခွင့် ပိတ်ပင်လိုက်ခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် နည်းပညာပံ့ပိုးမှု ကွင်းဆက်၏ ပင်မဒေါက်တိုင်သဖွယ်ဖြစ်သည့် ဆီမီးကွန်ဒတ်တာများနှင့် ကွန်ပျူတာမျက်နှာပြင်များ ထုတ်လုပ်မှုကို များစွာအဟန့်အတားဖြစ်စေခဲ့ကြောင်း တောင်ကိုရီးယားကဆိုပါသည်။ အဆိုပါကိစ္စကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ dispute settlement body သို့ တောင်ကိုရီး ယားက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အရေးဆိုတင်ပြခဲ့သော်လည်း နိုဝင်ဘာလတွင် အခြားသော ဆွေးနွေးမှုများဆက်လက်ဆောင်ရွက်ရမည့်အရေးကြောင့် ရပ်ဆိုင်းခဲ့ရပါသည်။

ဂျပန်အစိုးရအနေဖြင့် ကုန်သွယ်ရေးအငြင်းပွားမှုနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးခြင်းမရှိသကဲ့သို့ ရပ်ဆိုင်းနေသည့်ကိစ္စရပ်များကိုလည်း ဆက်လက်တိုးတက်အောင်ဆောင်ရွက်မည့် အလားအလာမရှိကြောင်း တောင်ကိုရီးယား၏ ကုန်သွယ်ရေးဝန်ကြီးက ဇွန်လ ၂ ရက်နေ့က ပြောကြားခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့တွင် တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီးက ဂျပန်၏ ပို့ကုန်ထိန်းချုပ်ကန့်သတ်မှု ဆောင်ရွက်ချက်ကြောင့် တောင်ကိုရီးယား၏ ပို့ကုန်စီမံခန့်ခွဲမှု စနစ်နှင့်ပတ်သက်၍ ခြေလှမ်းသစ်ကို စတင်မည်ဖြစ်သည်ဟုထောက်ပြကာ ပို့ကုန်ထိန်းချုပ်မှုကို မေလအကုန်တွင် ဖြေလျှော့ပေးရန် တိုက်တွန်းခဲ့ပါသည်။

ဂျပန်နိုင်ငံက အဆိုပါပြဿနာသည် တောင်ကိုရီးယား၏ စီးပွားရေးကို ထိခိုက်နိုင်လောက်သည့် ထိန်းချုပ်မှုမျိုး မဟုတ်ဘဲ ဒုတိယကမ္ဘာစစ်အတွင်းကဖြစ်ပွားခဲ့သည့် နှစ်နိုင်ငံအကြား အငြင်းပွားမှုကို အခြေတည်၍ ဂျပန်နိုင်ငံအား တုန့်ပြန်ခြင်းဖြစ်ကြောင်းဆိုပါသည်။

အလားတူ ဇွန်လ ၃ ရက်နေ့တွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် တယ်လီဖုန်းဖြင့် ဆက်သွယ် ဆွေးနွေးခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ကုမ္ပဏီများက အဓမ္မအလုပ်ခိုင်းစေခြင်း ခံခဲ့ရသည့်သူများအတွက် နစ်နာကြေးပေးရမည်ဆိုသည့် တောင်ကိုရီး ယားတရားရုံး၏ စီရင်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေသည့် အနေအထားကိုဖြေရှင်းနိုင်ရန် အနီးကပ်သံတမန်လမ်းကြောင်းမှ နီးနီးကပ်ကပ် ပြောဆိုဆက်သွယ်ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက် ရန်ကိုလည်း နှစ်နိုင်ငံအကြားသဘောတူခဲ့ကြပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (4.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 303 | 3,211,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,850 | 3,850 | 3,800 | 1,402 | 5,333,300 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 0 | 0 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 163 | 456,400 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 641 | 1,730,700 | 19,977,223 | 53,939 |

Activate Windows
Go to Settings to activ

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.43 | +9.11 | +2.03% | 449.62 | 457.43 | 448.32 | 2,509 | 10,731,900 | 6 | 680,632 |

**Index chart**




Activate W

# Market Overview

As of 1:00 pm, 4th Jun. 2020

| MYANPIX | 457.43 ▲ 9.11 |
|---|---|
| Total Volume (shares) | 2,509 |
| Total Value (MMK) | 11 mil |
| Listed Company | 6 |
| Market Cap. (MMK) | 680,632 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |

TIR